Cour
Pénale
Internationale

International
Criminal
Court

Le Bureau du Procureur
The Office of the Prosecutor

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံရှိအခြေအနေကို စုံစမ်းစစ်ဆေးမှုစတင်ရန် တရားရေးခွင့်ပြုချက် ရရှိပြီးနောက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး၏ အမှုလိုက်ရှေ့နေ ဖာတူဘင်ဆူဒါ (Fatou Bensouda) မှ ထုတ်ပြန်ချက်**

**အသံ နှင့် ဗီဒီယို**

- **YouTube (ကြည့်ရှုရန်အတွက်)**
- **ဗီဒီယို (MPEG-4) ဒေါင်းလုပ် (download) လုပ်ရန်အတွက်**
- **အသံ (MPEG-3) ဒေါင်းလုပ် (download) လုပ်ရန်အတွက်**

လွန်ခဲ့သောအပတ်၌ ကြေညာထုတ်ပြန်ထားသည့်အတိုင်း တရားစီရင်ရေးအကြိုခုံအဖွဲ့ ၃(Pre-Trial Chamber III)၏ တရားသူကြီးများမှ ကျွန်ုပ်၏ရုံး(အမှုလိုက်ရှေ့နေရုံး)အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ/ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ အခြေအနေ (‘ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံရှိအခြေအနေ’)ကို စုံစမ်းစစ်ဆေးမှုစတင်ရန် ခွင့်ပြုလိုက်ပြီး ဖြစ်ပါသည်။

ကျွန်ုပ်၏ ဇူလိုင်လ ၄ရက် ၂၀၁၉ခုနှစ် တောင်းဆိုလျှောက်ထားချက် (4 July 2019 Request) တွင် အောက်တိုဘာလ ၉ရက် ၂၀၁၆ခုနှစ် (9 October 2016) နောက်ပိုင်းကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံရှိအခြေအနေကို စုံစမ်းစစ်ဆေးရန်ခွင့်ပြုချက်အား တောင်းခံခဲ့ ပါသည်။ အတိအကျအားဖြင့်ဆိုသော် ကျွန်ုပ်မသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ (‘ဘင်္ဂလားဒေ့ရှ်နိုင်ငံ’)ပိုင်နက်အတွင်း၌ အနည်းဆုံး အစိတ်အပိုင်းတစ်ခုဖြစ်ပွားခဲ့သော ရာဇဝတ်မှုများ၊ ၂၀၁၆ခုနှစ်နှင့် ၂၀၁၇ခုနှစ်တို့တွင် ရခိုင်ပြည်နယ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ(‘မြန်မာနိုင်ငံ’)၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်လှိုင်း၂လှိုင်း နှင့်

ဆက်စပ်သောအခြေအနေတွင် ကျူးလွန်ခဲ့သောရာဇဝတ်မှုများနှင့် ထိုအဖြစ်အပျက်များနှင့် လုံလောက်စွာဆက်စပ်နေသော အခြားမည်သည့်ရာဇဝတ်မှုမျိုးမဆို တို့အပါအဝင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး(‘ICC’သို့မဟုတ် ‘တရားရုံး’)၏ တရားစီရင်ပိုင်ခွင့် အတွင်းရှိ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှုအား ခွင့်ပြုရန် လျှောက်ထားတောင်းဆိုခဲ့သည်။

နိုဝင်ဘာလ ၁၄ရက် ၂၀၁၉ခုနှစ်(14 November 2019) တွင် တရားသူကြီးများသည် ကျယ်ပြန့်သော သတ်မှတ်ချက်ဘောင်များဖြင့် စုံစမ်းစစ်ဆေးမှုကို ခွင့်ပြုခဲ့ပါသည်။ ယခုကဲ့သို့ခွင့်ပြုခြင်းသည် ရက်စက်သောရာဇဝတ်မှုများကျူးလွန်ခံရသည့် မြန်မာနိုင်ငံနှင့် အခြားနေရာများမှ နစ်နာသူများအား အပြုသဘောလက္ခဏာပြလိုက်သော အရေးပါသည့်တိုးတက်မှုပင် ဖြစ်ပါသည်။

အတိအကျအားဖြင့်ဆိုသော် တရားစီရင်ရေးအကြိုခုံအဖွဲ့ ၃ (the Chamber) သည် ICC ၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ မည်သည့်ရာဇဝတ်မှုမျိုးမဆိုနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုကို ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင်နက် ပေါ်တွင် သို့မဟုတ် အခြားမည်သည့်အဖွဲ့ဝင်နိုင်ငံမဆို သို့မဟုတ် ဤတရားရုံး(Court)၏ တရားစီရင်ပိုင်ခွင့်ကို ရောမဥပဒေပုဒ်မ ၁၂(၃)(article 12(3) of the Rome Statute (‘the Statute’))နှင့်အညီ လက်ခံသည့်အခြားမည်သည့်နိုင်ငံမဆို၏ ပိုင်နက်ပေါ်တွင် အနည်းဆုံးတစ်စိတ်တစ်ပိုင်းမျှ ကျူးလွန်ခဲ့သော မည်သည့်အနာဂတ်ရာဇဝတ်မှုမျိုးမဆိုသည် ယခုအခြေအနေနှင့် လုံလောက်စွာ ဆက်နွယ်နေသ၍ ရာဇဝတ်မှုကျူးလွန်သူများ မည်သည့်နိုင်ငံသားဖြစ်သည်ပေါ်မမူတည်ဘဲ အဆိုပါ စုံစမ်းစစ်ဆေးမှုတွင် အကျုံးဝင်မည်ဖြစ်သည်။

အချိန်အပိုင်းအခြားအနေနှင့်ဆိုလျှင် တရားသူကြီးများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ်၌ ရောမဥပဒေ(the Statute) စတင်သက်ရောက်သောနေ့ဖြစ်သည့် ဇွန်လ ၁ရက် ၂၀၁၀ခုနှစ်(1 June 2010)၌ သို့မဟုတ် ထိုနောက်ပိုင်းတွင် ကျူးလွန်ခဲ့သည်ဟုဆိုသောရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်းကိုခွင့်ပြုခဲ့ပြီး အခြားသောအဖွဲ့ဝင်နိုင်ငံများအပေါ် ရောမဥပဒေ(the Statute)စတင် သက်ရောက်သည့်နေ့စွဲနောက်ပိုင်းတွင် ထိုအဖွဲ့ဝင်နိုင်ငံများ၏ပိုင်နက်အတွင်း၌

အနည်းဆုံး တစ်စိတ်တစ်ပိုင်းမျှ ကျူးလွန်ခဲ့သည်ဟုဆိုသော ရာဇဝတ်မှုများနှင့်ပတ်သက်၍လည်း စုံစမ်းစစ်ဆေးရန် ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

တရားသူကြီးများမှ အောက်ပါအချက်အလက်များကိုယုံကြည်ရန် ထိုက်သင့်သောအခြေခံ အကြောင်းအရင်းရှိသည်ဟု လက်ခံခဲ့ပါသည်။

(၁) အနည်းဆုံး အောက်တိုဘာလ ၉ရက် ၂၀၁၆ခုနစ်(9 October 2016)မှစ၍ ရိုဟင်ဂျာလူထုအပေါ်တွင် ၎င်းတို့အား အလုံးအရင်းလိုက်နိုင်ငံမှနှင်ထုတ်ခြင်း အကျိုးဆက်ဖြစ်စေခဲ့သော လူသတ်ခြင်း၊ ထောင်သွင်းအကျဉ်းချခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု နှင့် အခြားအကျပ်ကိုင်လုပ်ရပ်များ ပါဝင်သည့် ကျယ်ကျယ်ပြန့်ပြန့် နှင့်/သို့မဟုတ် စနစ်တကျ အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်ခဲ့နိုင်သည်။

(၂) ထိုအကျပ်ကိုင်လုပ်ရပ်များသည် ရိုဟင်ဂျာလူထုအပေါ်ကျူးလွန်သော လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများမှ နိုင်ငံမှနှင်ထုတ်ခြင်းနှင့် လူမျိုးစုနှင့်/သို့မဟုတ် ဘာသာရေး အကြောင်းပြု၍ ဖိနှိပ်ညှင်းပန်းခြင်း ဆိုသောရာဇဝတ်မှုဘောင်အတွင်း ဝင်နိုင်သည်။

(၃) ရိုဟင်ဂျာလူထုအား တိုက်ခိုက်ရန်အတွက် နိုင်ငံတော်မူဝါဒ ရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာအစိုးရအင်အားစုအများအပြားနှင့် အခြားနိုင်ငံတော် ဌာနဆိုင်ရာများ၏ ထဲထဲဝင်ဝင်ပါဝင်ပတ်သက်မှုကို ဖော်ပြနေသော အရင်းအမြစ်များ ရှိနေပြီး မြန်မာစစ်တပ်(‘တပ်မတော်’)၏အဖွဲ့ဝင်များသည် မြန်မာ့လုံခြုံရေးတပ်များ နှင့်ပူးပေါင်း၍ ဒေသခံအရပ်သားများ၏ပါဝင်မှုအချို့နှင့်အတူ ထိုလူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ခြင်း ဖြစ်နိုင်သည်။

အရေးကြီးသည့် အကြောင်းအချက်ဖြစ်သော တရားစီရင်ပိုင်ခွင့်ပိုင်နက်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ မဂရုပြုမှတ်သားထားသည်မှာ တရားရုံး(the Court)သည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ပိုင်နက်ထဲတွင် ကျူးလွန်မှုတစ်စိတ်တစ်ပိုင်း ဖြစ်ပွားသောရာဇဝတ်မှုများအပေါ် တရားစီရင်ပိုင်ခွင့်ရှိသည်ဟုဆိုသော

တရားစီရင်ရေးမတိုင်မီ အကြိုပြင်ဆင်ရေးခုံအဖွဲ့ ၁ မှ တရားသူကြီးများ၏ စက်တင်ဘာလ ၆ရက် ၂၀၁၈ စီရင်ထုံး(6 September 2018 ruling by the Judges of Pre-Trial Chamber I ) ကို တရားစီရင်ရေးအကြိုခုံအဖွဲ့ ၃ (the Chamber)မှ သဘောတူညီပါသည်။

မြန်မာနိုင်ငံသည် ICC ၏ အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။ 'နစ်နာသူများ နယ်စပ်ဖြတ်ကျော်ခြင်းပါဝင်သည့် စွပ်စွဲထားသော မြန်မာနိုင်ငံ-ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်ဖြတ်၍ အရပ်သားများအားနိုင်ငံမှနှင်ထုတ်ခြင်းသည် ယခုရာဇဝတ်မှု၏ပြစ်မှုမြောက်သောလုပ်ရပ်(*actus reus*)အခြေခံနှင့် ပိုင်နက်ဆိုင်ရာချိတ်ဆက်မှု သိသာထင်ရှားပါသည်။' ဟူသော တနည်းအားဖြင့် 'ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နစ်နာသူများ ကူးလာခြင်း' ဟုဆိုသော တရားစီရင်ရေးအကြိုခုံအဖွဲ့ ၃ (the Chamber) ၏ ကောက်ချက်ကို ကြိုဆိုပါသည်။

အလေးပေးထုတ်ဖော်ပြောလိုသည်မှာ ကျွန်မ၏ ရုံး(the Office)သည် ကျွန်မ၏တောင်းဆိုလျှောက်ထားချက်တွင် ဖော်ထုတ်ထားသော အဖြစ်အပျက်များ၊ လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့များကိုသာ စုံစမ်းစစ်ဆေးရန် ကန့်သတ်ခံထားခြင်းမရှိပါ။ တရားစီရင်ရေးအကြိုခုံအဖွဲ့ ၃ (the Chamber) သေချာအလေးအနက်ပြောသည်မှာ စုံစမ်းစစ်ဆေးမှုပြုလုပ်စဉ် စုဆောင်းရရှိထားသော သက်သေအပေါ်အခြေပြုပြီး ကျွန်မ၏ရုံးသည် ခွင့်ပြုထားသောစုံစမ်းစစ်ဆေးမှုနယ်ပယ်အတွင်း၌ရှိနေသော အခြား လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများ သို့မဟုတ် ရောမဥပဒေ(the Statute) ပုဒ်မ ၅ အောက်ရှိ အခြားရာဇဝတ်မှုများ အပေါ်တွင်ပါတိုး၍ စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုလုပ်ရပ်များစွာကို အာရကန်ရိုဟင်ဂျာကယ်တင်ရေးတပ် ARSA လက်နက်ကိုင်အဖွဲ့ မှ ကျူးလွန်ခဲ့သည်ဟုစွပ်စွဲခြင်းကို ကျွန်မ သိရှိပါသည်။ တရားစီရင်ရေးအကြိုခုံအဖွဲ့ ၃(the Chamber)သို့ ကျွန်မဆောင်ရွက်မည်ဟု သတင်းပို့ထားသည့်အတိုင်း ထိုစွပ်စွဲမှုများကို သုံးသပ်မည့်အပြင် ၎င်းလုပ်ရပ်များသည် ရောမဥပဒေ(the Statute)အရ ရာဇဝတ်မှု သို့မဟုတ် ရာဇဝတ်မှုများဖြစ်သလား နှင့် ICC အဖွဲ့ဝင်နိုင်ငံ၏ ပိုင်နက်ပေါ်တွင် တစ်စိတ်တစ်ပိုင်းကျူးလွန်ခြင်းရှိခဲ့သလား ဆိုသော မေးခွန်းများကိုပါ ဆက်လက်သုံးသပ်မည်ဖြစ်ပါသည်။

ယခုအခြေအနေကို စုံစမ်းစစ်ဆေးခြင်းသည် တရားမျှတမှုအတွက်အကျိုးမရှိဖြစ်မည်ဟု ယုံကြည်ရန် ခိုင်မာသောအကြောင်းပြချက်များ မရှိသဖြင့် ကျွန်မ၏အကဲဖြတ်ချက်ကို သဘောမတူရန် အကြောင်းအချက်မရှိသည် တရားစီရင်ရေးအကြိုခုံအဖွဲ့ ၃ (the Chamber)မှ တွေ့ရကြောင်း ထပ်မံမှတ်သားထားပါသည်။

ကျွန်မ၏ စုံစမ်းစစ်ဆေးမှုသည် အမှန်တရားကိုရှာဖွေဖော်ထုတ်မည်ဖြစ်ပြီး ယခုအချိန်မှစ၍ သီးခြားလွတ်လပ်ပြီး ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုမှ လုပ်ဆောင်မှုနှင့် အောင်မြင်မှုတို့ သေချာပေါက်ရရှိရန်ဆောင်ရွက်ခြင်းအပေါ်တွင် စုံစမ်းစစ်ဆေးမှု၏အားအင်စိုက်ထုတ်မှုများကို ဦးတည်ထားပါမည်။ ကျွန်မတို့သည် ထိုသို့ပြုလုပ်ခြင်းအားဖြင့် နစ်နာသူများနှင့် ထိခိုက်ခဲ့သော လူမှုဝန်းကျင်များထံသို့ တရားမျှတမှုကိုယူဆောင်လာပေးရန် ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးမှ အဖွဲ့ဝင်နိုင်ငံများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် အခြားမိတ်ဖက်တို့၏ အလုံးစုံထောက်ခံအားပေးမှုနှင့် ပူးပေါင်းပါဝင်မှုတို့ကိုလည်း အားထားနေမည်ဖြစ်ပါသည်။

*အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးမှ အမှုလိုက်ရှေ့နေရုံးသည် သီးခြားလွတ်လပ်ပြီး ဘက်မလိုက်သော အကြိုစစ်ဆေးမှုများ၊ စုံစမ်းစစ်ဆေးမှုများ နှင့် လူမျိုးတုံးသတ်ဖြတ်ခြင်း ရာဇဝတ်မှု(crime of genocide)၊ လူသားမျိုးနွယ်ပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ(crimes against humanity)၊ စစ်ရာဇဝတ်မှုများ(war crimes) နှင့် အခြားနိုင်ငံတစ်ခု၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုနှင့် လွတ်လပ်ခြင်းကို အင်အားသုံးကျူးကျော်ခြင်း ရာဇဝတ်မှု(crime of aggression)တို့ကို တရားစွဲဆိုခြင်းများ ဆောင်ရွက်ပါသည်။ ၂၀၀၃ ခုနစ်မှစ၍ အမှုလိုက်ရှေ့နေရုံး(the Office) သည် ICC ၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ အမျိုးမျိုးသောအခြေအနေများကို စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုအခြေအနေများသည် ယူဂန်ဒါနိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဒါဖါ၊ ဆူဒန်၊ အလယ်ပိုင်းအာဖရိက (သီးခြားအခြေအနေ နှစ်မျိုး)၊ ကင်ညာ၊ လစ်ဗျား၊ ကိုဒီအိုင်ဗရီ၊ မာလီ၊ ဂျော်ဂျီယာ၊ ဘာရမ်းဒီ နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ/ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့တွင် ဖြစ်ပါသည်။ အမှုလိုက်ရှေ့နေရုံး(Office)သည် လက်ရှိတွင် ကိုလမ်ဘီယာ၊ ဂင်းနီ၊ အီရတ်/ယူကေ၊ ပါလတ်စတိုင်း၊ ဖိလစ်ပိုင်၊ နိုင်ဂျီးရီးယား၊ ယူကရိန်း နှင့် ဗင်နီဇွဲလား နိုင်ငံတို့ရှိ အခြေအနေများနှင့်ပတ်သက်သော အကြိုစစ်ဆေးမှုများကိုလည်း လုပ်ဆောင်နေလျက်ရှိပါသည်။*

*တရားရုံးရှိ ‘အကြိုစစ်ဆေးမှုများ’ နှင့် ‘အခြေအနေများနှင့် အမှုများ’ နှင့်ပတ်သက်သော နောက်ထပ်အသေးစိတ်အချက်အလက်များအတွက် ဖော်ပြပါနှစ်နေရာတွင်နှိပ်ပါ။ click here and here.*

*အချက်အလက်ဇစ်မြစ် - အမှုလိုက်ရှေ့နေရုံး | ဆက်သွယ်ရန် -* OTPNewsDesk@icc-cpi.int